မွန်လူ့အခွင့်အရေး
The Mon Forum
HUMAN RIGHTS NEWSLETTER

အတွဲ(၉) ၊ အမှတ်(၁၀) ၊ အောက်တိုဘာလ ၃၁ ၊ ၂၀၂၄


မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

# အနန်းကွင်းစစ်ဘေးရှောင်ပြည်သူများ နေရပ်မပြန်နိုင်သဖြင့် စားဝတ်နေရေးခက်ခဲ



စာမျက်နှာ (၄) သို့

## ပုလောတွင် စစ်ကြောင်းထိုးနေသဖြင့် ဒေသခံ (၃,၀၀၀) ကျော် ထွက်ပြေးတိမ်းရှောင်နေရ



အောက်တိုဘာ ၂၄၊ ၂၀၂၄

၂၀၂၄ အောက်တိုဘာလ (၁၄) ရက်နေ့မှစ၍ တနင်္သာရီတိုင်း ပုလောမြို့နယ်ရှိ ကျေးရွာ (၁၂) ရွာကို စစ်ကောင်စီတပ်က စစ်ကြောင်းထိုးနေသဖြင့် ဒေသခံပြည်သူ (၃,၀၀၀) ကျော် ထွက်ပြေးတိမ်းရှောင်နေရကြောင်း စစ်ဘေးရှောင်အရေး ကူညီစောင့်ရှောက်ပေးသူများက ပြောသည်။

စာမျက်နှာ (၅) သို့

## INSIDE

စစ်ရေးပဋိပက္ခနယ်မြေရှိ ရာဘာခြံအများစု လုပ်ငန်းရပ်နားထားရ — စာမျက်နှာ (၁၀) သို့

ကြာအင်းဆိပ်ကြီးတွင် လက်နက်ကြီးကြောင့် ကလေးငယ် (၁) ဦးနှင့် အမျိုးသား (၁) ဦး သေဆုံး — စာမျက်နှာ (၁၆) သို့

၂၀၂၄ ဇန်နဝါရီလ မှ အောက်တိုဘာလအတွင်း လက်နက်ကြီးပစ်ခတ်မှုကြောင့် အသက်ဆုံးရှုံးမှု နှင့် ဒဏ်ရာအနာတရရရှိသူ စာရင်း — စာမျက်နှာ (၁၈) သို့

၂၀၂၄ စက်တင်ဘာလ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ် ၊ ကရင်ပြည်နယ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု ဒေတာမှတ်တမ်း — စာမျက်နှာ (၂၃) သို့

ထားဝယ်အကျဉ်းထောင်တွင် နိုင်ကျဉ်း (၁) ဦး သေဆုံး — စာမျက်နှာ (၂၄) သို့

HUMAN RIGHTS FOUNDATION OF MONLAND (HURFOM)
www.rehmonnya.org

# ရတက်မအေးရသည့် စစ်ရှောင်ပြည်သူများအရေး

## (၂၀၂၄ အောက်တိုဘာလအတွက် အယ်ဒီတာ့

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မွန်လူထုအသံစာစဉ် အတွဲ (၉) အမှတ် (၁၀) ကို ထုတ်ဝေလိုက်ပါသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတောင်ပိုင်း မွန်၊ ကရင်နှင့် တနင်္သာရီ ဒေသများတွင် ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ကောက်ခံ စုဆောင်းပြီး အင်တာနက်နှင့် လူမှုကွန်ရက်စာမျက်နှာများမှတဆင့် ပြည်သူလူထုကို ပုံမှန် တင်ပြလျက်ရှိသည်။ ၎င်းပြင် မွန်လူထုအသံစာစဉ်ကိုလည်း တစ်လတစ်ကြိမ် ထုတ်ဝေ လျက် ရှိသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းအနေဖြင့် တစ်လလျှင် လူ့အခွင့်အရေးချိုးဖောက်မှု သတင်းပေါင်း (၄၀) မှ (၅၀) ကျော်ကြားအထိ ပြည်သူလူထုကို ပုံမှန်တင်ပြလျက်ရှိပြီး ၂၀၂၄ စက်တင်ဘာလတွင် မြို့နယ် (၁၅) မြို့နယ်မှ လူ့အခွင့်အရေးချိုးဖောက်မှုသတင်း အပုဒ် (၅၀) ကျော်ကို ပြည်သူများထံသို့ အသိပေးတင်ပြခဲ့သည်။

လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်တိုက်မြင့်မားနေသည့်ကြား၌ ယခုလတွင် အထူးသဖြင့် စစ်ရှောင်ပြည်သူများအရေးမှာ ရတက်မအေးစရာ ဖြစ်လာသည်။ ကူညီထောက်ပံ့မည်သူများ မရှိခြင်း၊ ကာလရှည်ကြာ စစ်ရှောင်နေရခြင်း၊ လုံခြုံအေးချမ်းမှုမရှိိခြင်းတို့ကြောင့် စစ်ရှောင် ပြည်သူများ၏ဘဝမှာ ခါးသီးလှသည်။

၂၀၂၄ ဩဂုတ်လမှစ၍ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် အနန်းကွင်းကျေးရွာတွင် စစ်ကောင်စီတပ်နှင့် တော်လှန်ရေးအင်အားစုများအကြား တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့ သဖြင့် နေအိမ်အလုံး (၅၀၀) ကျော်လည်း မီးလောင်ပျက်စီးခဲ့ပြီး ဒေသခံပြည်သူ (၄,၀၀၀) ကျော် အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရသည်။

လက်ရှိအချိန်အထိ တိုက်ပွဲများ ဆက်လက်ပြင်းထန်နေသဖြင့် စစ်ဘေးရှောင်ပြည်သူများ သည် (၃) လကျော် ကြာသည့်တိုင်အောင် နေရပ်မပြန်နိုင်သေးဘဲ စားဝတ်နေရေးခက်ခဲ လျက်ရှိကြောင်း သိရသည်။

၂၀၂၄ အောက်တိုဘာလ (၁၄) ရက်နေ့မှစ၍ တနင်္သာရီတိုင်း ပုလောမြို့နယ်ရှိ ကျေးရွာ (၁၂) ရွာကို စစ်ကောင်စီတပ်က စစ်ကြောင်းထိုးနေသဖြင့် ဒေသခံပြည်သူ (၃,၀၀၀) ကျော် ထွက်ပြေးတိမ်းရှောင်နေရကြောင်း စစ်ဘေးရှောင်အရေး ကူညီစောင့်ရှောက်ပေးသူများက ပြောသည်။



အောက်တိုဘာလ (၂၀) ရက်နေ့တွင် စစ်ဘေးရှောင်ပြည်သူနှင့် ကျောင်းသူကျောင်းသားအယောက် (၉၀) နီးပါးကို တင်ဆောင်လာသည့် လှေတစ်စီးသည် ပုလောမြို့နယ် ကျောက္ကာရွာအနီးတွင် နစ်မြုပ်ခဲ့သည်။ အောက်တိုဘာလ (၂၄) ရက်နေ့အထိ အလောင်း (၄၀) နီးပါးကို ဆယ်ယူရရှိထားသည်ဟု ဆိုသည်။

မွန်၊ ကရင်နှင့် တနင်္သာရီဒေသများတွင် စစ်ကြောင်းထိုးနေစဉ်အတွင်း စစ်တပ်က မတရားဖမ်းဆီးသတ်ဖြတ်အစဖျောက်ခြင်းများ၊ ပြည်သူလူထုကိုပစ်မှတ်ထားသည့် တိုက်ခိုက်မှုများ၊ ငွေကြေးအတင်းအဓမ္မကောက်ခံမှုများ၊ စားနပ်ရိက္ခာသယ်ယူခွင့်ကို ကန့်သတ်ပိတ်ပင်ခြင်းများ၊ လွတ်လပ်စွာသွားလာခွင့်ကို တားဆီးချုပ်ခြယ်ခြင်းများကို ဆက်တိုက်ကျူးလွန်နေသဖြင့် စစ်ရှောင်ပြည်သူများသာမက ဒေသခံပြည်သူများပါ အခက်အခဲနှင့် ရင်ဆိုင်နေရသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် သတင်းအချက်အလက်ကောက်ခံစုဆောင်းခြင်းနှင့် သတင်းထုတ်ပြန်ခြင်း မှတဆင့် စစ်တပ်က ၎င်းတို့ကျူးလွန်ထားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေသည့်အလေ့အထကို ချိုးဖျက်ရပ်တန့်ရန် လည်းကောင်း၊ မြန်မာနိုင်ငံတွင် စစ်မှန်သောငြိမ်းချမ်းရေးရရှိရန်နှင့် စစ်မှန်သောဖက်ဒရယ် ဒီမိုကရေစီစနစ်ပေါ်ထွန်းရန်လည်းကောင်း ရည်ရွယ်ပါသည်။

အယ်ဒီတာအဖွဲ့
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း
၂၀၂၄ အောက်တိုဘာလ



# အနန်းကွင်းစစ်ဘေးရှောင်ပြည်သူများ နေရပ်မပြန်နိုင်သဖြင့် စားဝတ်နေရေးခက်ခဲ



**အောက်တိုဘာ ၂၃၊ ၂၀၂၄**

၂၀၂၄ ဩဂုတ်လတွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် အနန်းကွင်းကျေးရွာတွင် စစ်ကောင်စီတပ်နှင့် တော်လှန်ရေး အင်အားစုများအကြား တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့သဖြင့် ဒေသခံပြည်သူ (၄,၀၀၀) ကျော် အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရသည်။

လက်ရှိအချိန်အထိ တိုက်ပွဲများ ဆက်လက်ပြင်းထန်နေသဖြင့် စစ်ဘေးရှောင်ပြည်သူများသည် (၃) လကျော် ကြာသည့်တိုင်အောင် နေရပ်မပြန်နိုင်သေးဘဲ စားဝတ်နေရေးခက်ခဲလျက်ရှိကြောင်း သိရသည်။

**“အခုထိ မပြန်ရဲကြသေးဘူး။ ပြန်ဖို့လည်း အဆင်မပြေဘူး။ စစ်ကောင်စီက လက်နက်ကြီးတွေ မကြာခဏပစ်နေတယ်။ ပြန်သွားရင် စစ်သားတွေ လာဖမ်းမှာကိုလည်း စိုးရိမ်နေကြတယ်”** ဟု စစ်ရှောင်ပြည်သူတစ်ဦးက ပြောသည်။

စစ်ဘေးရှောင်ပြည်သူအများစုသည် မော်လမြိုင်၊ သံဖြူဇရပ်၊ မုဒုံနှင့် အနီးအနားကျေးရွာများရှိ ဆွေမျိုးသားချင်းများ၏ နေအိမ်များတွင် တိမ်းရှောင်ခိုလှုံနေရသည်။

**“မြို့ပေါ်မှာ နေတာကြာလာတော့ အလုပ်မရှိရင် အဆင်မပြေဘူးလေ။ စားသောက်ဖို့ အခက်အခဲဖြစ်လာတယ်။ ဒီမှာအဆင်မပြေလို့ ထိုင်းဘက်တက်သွားတဲ့သူတွေလည်း ရှိတယ်”** ဟု ၎င်းက ဆက်ပြောသည်။

တိုက်ပွဲကြောင့် အနန်းကွင်းကျေးရွာမှ နေအိမ်အလုံး (၅၀၀) ကျော်လည်း မီးလောင်ပျက်စီးခဲ့ပြီး အရပ်သားပြည်သူ (၁၀) ဦး ထက်မနည်း ထိခိုက်သေဆုံးခဲ့သည်။

**“ပျက်စီးသွားတဲ့အိမ်တွေကို ဒီအတိုင်း ပစ်ထားလိုက်ရတယ်။ ရွာမှာ လူလည်း မရှိဘူး။ ပြန်လည်ထူထောင်ရေး မလုပ်နိုင်သေးဘူး”** ဟု အနန်းကွင်းဒေသခံတစ်ဦးက ပြောသည်။

တိုက်ပွဲဆက်လက်ပြင်းထန်နေသဖြင့် အနန်းကွင်းကျေးရွာအပြင် အနီးအနားကျေးရွာများဖြစ်သည့် တညင်၊ ဖာယာ၊ ပန်းအောင်၊ ပုတော၊ ရက်ဖော၊ ကတစ်၊ ခွန်နဝါစသည့် ကျေးရွာ (၁၀) ရွာမှ ပြည်သူများလည်း ထွက်ပြေးနေရသည်။ စစ်ကောင်စီက အဆိုပါဒေသတွင် ဖုန်းနှင့် အင်တာနက်လိုင်းများ ဖြတ်တောက်ထားသည့်အပြင် သွားလာခွင့်ကိုပါ ကန့်သတ်ပိတ်ပင်ထားသည်။

# ပုလောတွင် စစ်ကြောင်းထိုးနေသဖြင့် ဒေသခံ (၃,၀၀၀) ကျော် ထွက်ပြေးတိမ်းရှောင်နေရ




**အောက်တိုဘာ ၂၄၊ ၂၀၂၄**

၂၀၂၄ အောက်တိုဘာလ (၁၄) ရက်နေ့မှစ၍ တနင်္သာရီတိုင်း ပုလောမြို့နယ်ရှိ ကျေးရွာ (၁၂) ရွာကို စစ်ကောင်စီတပ်က စစ်ကြောင်းထိုးနေသဖြင့် ဒေသခံပြည်သူ (၃,၀၀၀) ကျော် ထွက်ပြေးတိမ်းရှောင်နေရကြောင်း စစ်ဘေးရှောင်အရေး ကူညီစောင့်ရှောက်ပေးသူများက ပြောသည်။

ပုလောမြို့နယ်အခြေစိုက် စစ်ကောင်စီတပ်ရင်း (၁၇) နှင့် အခြားတပ်ရင်းများမှ အင်အား (၃၀၀) ကျော်သည် ကြဲ၊ စက်တော်ရာ၊ တပို၊ ဇရပ်ဆိပ်၊ မိန်းမမြို့၊ ဘိုင်းပြင်၊ မင်းပြင်၊ ပလ၊ တို၊ ကဒဲ၊ ပဝတ်ကုန်းနှင့် သင်္ကန်းတောကျေးရွာများကို စစ်ကြောင်းထိုးဝင်ရောက်နေသည်။

**"ကြဲကျေးရွာဘက်နဲ့ ပလမြို့ဘက်ကိုလည်း စစ်အင်အား ခွဲပြီးတော့ စစ်ကြောင်းထိုးနေတယ်။ ကျေးရွာ (၁၂) ရွာကတော့ ရွာလုံးကျွတ်ထွက်ပြေးရတာ။ ဒီနေ့ (အောက်တိုဘာ (၂၄) ရက်နေ့) အထိ (စစ်ကြောင်း)ထိုးနေတုန်းပဲ"** ဟု စစ်ရှောင်အရေး ကူညီပေးနေသူတစ်ဦးက ပြောသည်။

စစ်ကောင်စီတပ်ရင်း (၁၇) သည် ဒေသတွင်း စားနပ်ရိက္ခာ သယ်ဆောင်ခွင့်ကိုလည်း တားမြစ်ပိတ်ပင်နေသည်။

**"စားနပ်ရိက္ခာဝယ်တဲ့သူတွေကို စစ်တပ်က ဖမ်းဆီးတာ မေးမြန်းတာ ရှိနေလို့ စစ်ဘေးရှောင်တွေအတွက် အစားအစာအခက်အခဲ ဖြစ်နေတယ်"** ဟု ၎င်းက ပြောသည်။

လက်ရှိတွင် ပုလော-မြိတ်ကားလမ်းပေါ်ရှိ မီးလောင်ချောင်းနှင့် ကြဲကျေးရွာများတဝိုက်တွင် စစ်ရေးပြင်းထန်နေသဖြင့် မော်တော်ကားများ သွားလာခွင့်ကို ပိတ်ပင်ထားရာ ဒေသခံပြည်သူများမှာ လှေများဖြင့်သာ သွားလာနေရသည်။

အောက်တိုဘာလ (၂၀) ရက်နေ့တွင် စစ်ဘေးရှောင်ပြည်သူနှင့် ကျောင်းသူကျောင်းသားအယောက် (၉၀) နီးပါးကို တင်ဆောင်လာသည့် လှေတစ်စီးသည် ပုလောမြို့နယ် ကျောက္ကာရွာအနီးတွင် နစ်မြုပ်ခဲ့သည်။ အောက်တိုဘာလ (၂၄) ရက်နေ့အထိ အလောင်း (၄၀) နီးပါးကို ဆယ်ယူရရှိထားသည်။

**"လှေပေါ်ပါလာတဲ့လူ အယောက် (၃၀) လောက်ပဲ ပြန်ကယ်လို့ရတယ်။ ပလမြို့နဲ့ ဇရပ်ဆိပ်ရွာက စစ်ဘေးရှောင်တွေ"** ဟု ကျောက္ကာကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

# ဂျိုင်းမြစ်ဒေသမှ စစ်ဘေးရှောင်များကို စစ်ကောင်စီက ငွေကြေးအတင်းအဓမ္မတောင်းခံနေ




**အောက်တိုဘာ ၁၁၊ ၂၀၂၄**

၂၀၂၄ ဧပြီလကတည်းက ဂျိုင်းမြစ်ဝှမ်းဒေသတွင် စစ်ရေးတင်းမာနေပြီး မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဓမ္မသတ်နှင့် တရနာကျေးရွာများတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်နှင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ဇာသပြင်ကျေးရွာအခြေစိုက် အမှတ် (၈၁) ခြေမြန်တပ်ရင်းက လူနေကျေးရွာများကို လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်နေသည်။

လက်နက်ကြီးပစ်ခတ်မှုကြောင့် ကော့ဘိန်း၊ ဓမ္မသတ်၊ သံကလောင်၊ တရနာ၊ ကော့ပလိုင်းနှင့် အနီးအနားကျေးရွာများမှ ဒေသခံပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရသည်။

ကျေးရွာများမှ အထုပ်အပိုးများဖြင့် ထွက်ပြေးတိမ်းရှောင်လာသူများကို တရနာကျေးရွာအနီး ကျိုက်မရော-မော်လမြိုင်လမ်းပိုင်းတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်သားများက ငွေကျပ် (၁) သိန်းမှ (၃) သိန်းအထိ အတင်းအဓမ္မတောင်းခံနေကြောင်း သိရသည်။

**“ပစ္စည်းအထုပ်အပိုးပါလာရင် သူတို့စစ်တယ်။ ပိုက်ဆံတောင်းတယ်။ ပေးနိုင်တဲ့သူပဲ သွားခွင့်ရတယ်။ မပေးနိုင်တဲ့သူက အထုပ်နဲ့ပြန်လာရတယ်။ ပေးမသွားဘူး”** ဟု တရနာဒေသခံတစ်ဦးက ပြောသည်။

ဂျိုင်းမြစ်ဝှမ်းရှိ ကျေးရွာများအကြား ဖြတ်သန်းသွားလာခွင့်ကိုလည်း စစ်ကောင်စီက ပိတ်ပင်ထားပြီး တိုက်ပွဲဖြစ်ပွားလာမည်ကို ဒေသခံပြည်သူများက စိုးရိမ်နေသည်။

**“ရွာထဲမှာ တိုက်ပွဲဖြစ်ရင် ကျွန်မတို့လို ပိုက်ဆံမပေးနိုင်တဲ့သူတွေကို ဒီအတိုင်းပဲ သေခိုင်းမလို့လား”** ဟု ဒေသခံအမျိုးသမီးတစ်ဦးက ပြောသည်။

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်နှင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ဂျိုင်းမြစ်ဝှမ်းဒေသတွင် ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခကြောင့် ဒေသခံပြည်သူ (၃၀) ထက်မနည်း ထိခိုက်သေဆုံးခဲ့ပြီး (၅,၀၀၀) ကျော် ဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင်နေရကြောင်း သိရသည်။

“

> ရွာထဲမှာ တိုက်ပွဲဖြစ်ရင် ကျွန်မတို့လို ပိုက်ဆံမပေးနိုင်တဲ့သူတွေကို ဒီအတိုင်းပဲ သေခိုင်းမလို့လား

# ရေးတွင် အမျိုးသား (၂) ဦး ဆိုင်ကယ်စီးနှင်းခွင့်ကဒ်ကို ငွေကျပ် (၅,၀၀၀) ဖြင့် ထုတ်ပေးနေ



**အောက်တိုဘာ ၂၈၊ ၂၀၂၄**

အာဏာသိမ်းပြီးနောက်ပိုင်း ၂၀၂၃ ခုနှစ်မှစ၍ မွန်ပြည်နယ် ရေးမြို့နယ်တွင် အမျိုးသား (၂) ဦး ဆိုင်ကယ်အတူစီးနှင်းခွင့်ကို စစ်ကောင်စီက ပိတ်ပင်ခဲ့သော်လည်း ယခု ၂၀၂၄ အောက်တိုဘာလတွင်မှ အမျိုးသား (၂) ဆိုင်ကယ်အတူစီးနှင်းခွင့်ကို ပြန်လည်ခွင့်ပြုပေးရန် ရှိနေသည်ဟု သိရသည်။

အောက်တိုဘာလ (၁) ရက်နေ့မှစ၍ အမျိုးသား (၂) ဆိုင်ကယ်အတူစီးနှင်းခွင့်ကဒ်ပြားများကို စစ်ကောင်စီက ထုတ်ပေးနေပြီး အဆိုပါကဒ်ပြားတွင် အမည်၊ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာ၊ ဆိုင်ကယ်အရောင်နှင့် လိုင်စင်နံပါတ်တို့ကို ဖော်ပြထားသည်။

၎င်းပြင် ကဒ်ပြားပြုလုပ်ရန်အတွက် စစ်ကောင်စီကို ကဒ်ပြားတစ်ခုလျှင် ငွေကျပ် (၅,၀၀၀) ပေးရကြောင်း ဆိုင်ကယ်အငှားယာဉ်မောင်းများက ပြောသည်။

**“ကျွန်တော်က (၁၀) ရက်နေ့က ကဒ်ရတယ်။ ပိုက်ဆံ (၅,၀၀၀) ပေးရတယ်။ နောက်မှာ အမျိုးသားခရီးသည်တင်တာ သူတို့တွေ့ရင် အဲကဒ်ကို ပြလို့ရတယ်။ အရင်က ရေးမှာ အမျိုးသား (၂) ယောက် ဆိုင်ကယ်စီးခွင့် ပေးမထားဘူး။ အခုက ကဒ်ရှိရင် စီးလို့ရပြီ”** ဟု ဆိုင်ကယ်အငှားယာဉ်မောင်းတစ်ဦးက ပြောသည်။

အဆိုပါကဒ်ပြားကို ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း ပြုလုပ်၍ မရကြောင်း၊ စစ်ဆေးတွေ့ရှိပါက အရေးယူခံရမည်ဖြစ်ကြောင်း သိရသည်။

**“အရင်က PDF တွေ ဆိုင်ကယ်စီးပြီးတော့ စစ်ကောင်စီ(ဂိတ်စခန်းတွေ)ကို လာတိုက်တာ ရှိလို့ အမျိုးသား (၂) ယောက် ဆိုင်ကယ်အတူစီးတာကို ပိတ်လိုက်တာ။ အခုက ကယ်ရီသမားတွေအတွက်ပဲ ကဒ်နဲ့ ခွင့်ပြုပေးတယ်လို့ သိရတယ်”** ဟု ရေးဒေသခံတစ်ဦးက ပြောသည်။

ရေးမြို့တွင် အမျိုးသား (၂) ဦး ဆိုင်ကယ်အတူစီးနှင်းမှုကြောင့် ဖမ်းဆီးခံရသူများ ရှိသကဲ့သို့ ခြိမ်းခြောက်ခံရကာ ငွေကြေးတောင်းခံ,ခံရသည့် လူများလည်း ရှိခဲ့ကြောင်း သိရသည်။

“

**အရင်က PDF တွေ ဆိုင်ကယ်စီးပြီးတော့ စစ်ကောင်စီ(ဂိတ်စခန်းတွေ)ကို လာတိုက်တာ ရှိလို့ အမျိုးသား (၂) ယောက် ဆိုင်ကယ်အတူစီးတာကို ပိတ်လိုက်တာ။ အခုက ကယ်ရီသမားတွေအတွက်ပဲ ကဒ်နဲ့ ခွင့်ပြုပေးတယ်လို့ သိရတယ်**

# ပေါင်တွင် PDF စွပ်စွဲချက်ဖြင့် ဖမ်းဆီးခံထားရသည့် ဒေသခံ (၈) ဦး သတင်းအစအနပျောက်နေ

**အောက်တိုဘာ ၁၆၊ ၂၀၂၄**

၂၀၂၄ အောက်တိုဘာလ (၄) ရက်နေ့တွင် စစ်ကောင်စီက မွန်ပြည်နယ် ပေါင်မြို့နယ်မှ ဒေသခံပြည်သူ (၈) ဦးကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များဟု စွပ်စွဲကာ ဖမ်းဆီးခဲ့ပြီးနောက် အဆက်အသွယ် ပြတ်တောက်ကာ သတင်းအစအနပျောက်ဆုံးလျက်ရှိကြောင်း မိသားစုဝင်များနှင့်နီးစပ်သူများက ပြောသည်။



စစ်ကောင်စီက ပေါင်မြို့နယ် ဇင်းကျိုက်မြို့ ရန်ကုန်-မော်လမြိုင် ကားလမ်းကို ပိတ်ဆို့စစ်ဆေးစဉ် ဥတ္တံတားကျေးရွာမှ အသက် (၁၄) နှစ်အရွယ် မောင်အေးချမ်းနှင့် အသက် (၁၉) နှစ်အရွယ် မောင်ကောင်းမြတ်စိုးတို့ကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင် (PDF) များဟု စွပ်စွဲကာ ဖမ်းဆီးခဲ့သည်။

ထို့နောက် ဥတ္တံတားကျေးရွာမှ အသက် (၁၆) နှစ်အရွယ် မောင်သန့်ဇင်၊ ညောင်ကုန်းကြီးကျေးရွာမှ အသက် (၄၆) နှစ်အရွယ် ကိုသိန်းနိုင်၊ သဲကုန်းကျေးရွာမှ အသက် (၆၃) နှစ်အရွယ် ဦးစိန်သောင်းကြည်အပါအဝင် ဒေသခံ (၄) ဦးကို ထပ်မံဖမ်းဆီးခဲ့သည်။

**“ရဲစခန်းကို သွားမေးတော့လည်း သူတို့မသိဘူးတဲ့။ တပ်ကို သွားမေးတဲ့။ ဘယ်တပ်ကို မေးရမလဲဆိုတော့ သထုံတပ်ကို သွားလို့ ပြောတယ်။ သထုံမှာ သွားမေးတော့လည်း မသိဘူးလို့ ပြောနေတယ်။ ကလေးတွေရဲ့ အသက်အန္တရာယ်အတွက် တော်တော်လေး စိုးရိမ်နေတယ်”** ဟု ဥတ္တံတားဒေသခံတစ်ဦးက ပြောသည်။

ဖမ်းဆီးထားသူ ဒေသခံ (၈) ဦးထံမှ သေနတ် (၂) လက်၊ ကျည်အတောင့် (၄၀) နှင့် ကျည်အိမ် (၂) ခု သိမ်းဆည်းရမိသည်ဟု စစ်ကောင်စီက ပြောဆိုသော်လည်း ၎င်းတို့သည် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် ပတ်သက်မှုမရှိကြောင်း၊ ဒေသအတွင်းတွင် ဥယျာဉ်ခြံနှင့် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်နေသူများသာဖြစ်ကြောင်း ဒေသခံများက ပြောသည်။

ပြီးခဲ့သည့်စက်တင်ဘာလ (၂) ရက်နေ့ကလည်း ပေါင်မြို့နယ် သဖြူချောင်းကျေးရွာရှိ ဈေးအနီးတွင် အရက်ထိုင်သောက်နေသည့် လူငယ် (၄) ဦးကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များဟု ဆိုကာ စစ်ကောင်စီက ဖမ်းဆီးခဲ့ပြီး ယနေ့အချိန်အထိ ပြန်လည်လွတ်မြောက်လာခြင်း မရှိချေ။

“ရဲစခန်းကို သွားမေးတော့လည်း သူတို့မသိဘူးတဲ့။ တပ်ကို သွားမေးတဲ့။ ဘယ်တပ်ကို မေးရမလဲဆိုတော့ သထုံတပ်ကို သွားလို့ ပြောတယ်။ သထုံမှာ သွားမေးတော့လည်း မသိဘူးလို့ ပြောနေတယ်။ ကလေးတွေရဲ့ အသက်အန္တရာယ်အတွက် တော်တော်လေးစိုးရိမ်နေတယ် ”

# သထုံတွင် မျောက်အိုးဖောက်သည့် ကလေးငယ် (၃) ဦး ပစ်ခတ်ဖမ်းဆီးခံရ




**အောက်တိုဘာ ၂၂၊ ၂၀၂၄**

၂၀၂၄ အောက်တိုဘာလ (၂၂) ရက်နေ့တွင် မွန်ပြည်နယ် သထုံမြို့နယ် နန်းခဲရပ်ကွက်မှ ကလေးငယ် (၃) ဦးကို စစ်ကောင်စီတပ်က ပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

"စည်သူထွန်း" စားသောက်ဆိုင်အနီးတွင် သီတင်းကျွတ်ပွဲတော်ကာလ မျောက်အိုးဖောက်ဆော့ကစားနေသည့် ကလေးငယ်များကို စစ်ကောင်စီက ဝင်ရောက်ဖမ်းဆီးခဲ့ရာ အသက် (၁၇) နှစ်အရွယ် မောင်မင်းချစ်သူ၊ မောင်အာကာဖြိုးနှင့် အမည်မသိလူငယ်တစ်ဦးကို ထွက်ပြေးသည်ဟုဆိုကာ စစ်ကောင်စီက သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့သည်။

ပစ်ခတ်မှုကြောင့် မောင်မင်းချစ်သူနှင့် မောင်အာကာဖြိုးတို့သည် လက်တွင် ကျည်ဖောက်ဝင်ဒဏ်ရာ ရရှိခဲ့သည်။

**"(၃) ယောက် အဖမ်းခံရတယ်လို့ သိရတယ်။ ကလေး (၂) ယောက် လွတ်သွားတယ်။ မိသားစုဘက်ကတော့ အဖမ်းခံရတဲ့ကလေးတွေကို ပြန်လွှတ်ပေးဖို့ သွားညှိနေတယ်"** ဟု နန်းခဲရပ်ကွက်မှ ဒေသခံတစ်ဦးက ပြောသည်။

ဒဏ်ရာရရှိထားသည့်ကလေးငယ် (၂) ဦးသည် သထုံခရိုင်ပြည်သူ့ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူနေပြီး အောက်တိုဘာလ (၂၁) ရက်နေ့အထိ ဆေးရုံဆင်းနိုင်သေးခြင်း မရှိချေ။

ပြီးခဲ့သည့်စက်တင်ဘာလ (၂) ရက်နေ့ကလည်း မွန်ပြည်နယ် ပေါင်မြို့နယ် သမြချောင်းကျေးရွာတွင် အရက်ထိုင်သောက်နေသည့် လူငယ် (၄) ဦးကို စစ်ကောင်စီက ပစ်ခတ်ဖမ်းဆီးခဲ့ရာ လူငယ် (၁) ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

"(၃) ယောက် အဖမ်းခံရတယ်လို့ သိရတယ်။ ကလေး (၂) ယောက် လွတ်သွားတယ်။ မိသားစုဘက်ကတော့ အဖမ်းခံရတဲ့ကလေးတွေကို ပြန်လွှတ်ပေးဖို့ သွားညှိနေတယ်"

# စစ်ရေးပဋိပက္ခနယ်မြေရှိ ရာဘာခြံအများစု လုပ်ငန်းရပ်နားထားရ



**အောက်တိုဘာ ၈၊ ၂၀၂၄**

၂၀၂၄ ခုနှစ်တွင် မွန်ပြည်နယ်၌ ရာဘာဈေးကောင်းရရှိနေသော်လည်း စစ်ရေးပြင်းထန်နေသည့်ပဋိပက္ခ နယ်မြေရှိ ရာဘာခြံလုပ်ငန်းအများစုမှာ လုံခြုံရေးကြောင့် လုပ်ငန်းရပ်နားထားရကြောင်း သိရသည်။

လက်ရှိအချိန်တွင် အမှတ် (၈) ပြည်ထောင်စုကားလမ်းမကြီး ရေး-သံဖြူဇရပ်ကားလမ်းပိုင်းကို တော်လှန်ရေးအင်အားစုများက ထိန်းချုပ်ထားပြီး အဆိုပါလမ်းပိုင်းကို ပြန်လည်ထိန်းချုပ်နိုင်ရန်အတွက် စစ်ကောင်စီတပ်က စစ်ကြောင်းထိုးနေသည်။

ကားလမ်းတစ်လျှောက်ရှိ ဝဲခမိ၊ စခန်းကြီး၊ ရွာသာအေး၊ အေးကမ္ဘာ၊ မော့ကနင်၊ ဘုရားကုန်း၊ ကနင်ကမော့ နှင့် နှစ်ကရင်စသည့်ကျေးရွာများတွင် ၂၀၂၄ ဇူလိုင်လကတည်းက စစ်ရေးတင်းမာနေသည်။

စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခြင်း၊ စစ်ကြောင်းထိုးခြင်းနှင့် မြေမြှုပ်မိုင်းများ ထောင်ထားခြင်းတို့ကြောင့် အထက်ဖော်ပြပါကျေးရွာအနီးရှိ ရာဘာခြံများမှာ လုပ်ငန်းရပ်နားထားရ သည်။

**“မြေမြှုပ်မိုင်းက မကြာခဏပေါက်ကွဲနေတော့ ခြံထဲမသွားရဲတော့ဘူး။ ပြီးတော့ ရေး-သံဖြူဇရပ်ကား လမ်းပိုင်းတစ်လျှောက်က စစ်နယ်မြေဖြစ်နေတာ။ ကျွန်တော်တို့ ရေးမြောက်ပိုင်းက အဆိုးဆုံးပဲ။ ဒီနှစ် မှာ စစ်တပ်က လက်နက်ကြီးနဲ့ အမြဲလိုလို ပစ်နေတယ်”** ဟု ဒေသခံတစ်ဦးက ပြောသည်။

ယခုလတွင်လည်း ရေးမြောက်ပိုင်းရှိ အာယုတောင်မှ နှစ်ကရင်ကျေးရွာအထိ စစ်ကြောင်းထိုးမည်ဟု စစ်ကောင်စီက အသိပေးထားပြီး ရွှေ့ပြောင်းလုပ်သားများအနေဖြင့် မည်သူမည်ဝါဖြစ်ကြောင်း ထောက်ခံချက်ပြုလုပ်ထားကြရန် စစ်ကောင်စီခန့်အုပ်ချုပ်ရေးမှူးများက သတိပေးထားသည်။

**“စစ်ကြောင်းထိုးရင် ဘယ်သူဘယ်ဝါလဲ အထောက်အထားခိုင်ခိုင်လုံလုံ မပြနိုင်ရန် အခက်တွေ့မှာစိုးလို့ ဒေသခံတွေကို ခေါ်ပြီး အထောက်အထားလုပ်ဖို့ သတိပေးနေတယ်”** ဟု ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးက ပြောသည်။

၂၀၂၃ ခုနှစ်တွင်လည်း ဝဲခမိနှင့် အောက်ငှက်ပျောတောကျေးရွာအကြားရှိ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ စစ်ဆေးရေးဂိတ်ကို စစ်ကောင်စီအမြောက်တပ်က လက်နက်ကြီးဖြင့် ပစ်ခတ်နေသဖြင့် ဝဲခမိနှင့် အနီးအနားကျေးရွာများရှိ ရာဘာခြံပိုင်ရှင်များ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

**“ဝဲကလီအမြောက်တပ်ကနေ အဲဒီစစ်ဆေးရေးဂိတ်ကို မကြာခဏလှမ်းပစ်နေတာ။ လူထိခိုက်မှုတော့ မရှိဘူး။ ဒါပေမဲ့ ဗုံးစတွေက ရာဘာခြံထဲကို ကျရောက်ပေါက်ကွဲနေတယ်”** ဟု ဝဲခမိကျေးရွာမှ ခြံပိုင်ရှင်တစ်ဦးက ပြောသည်။

အလားတူ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီး-ဘုရားသုံးဆူလမ်းပိုင်းတွင်လည်း စစ်ကောင်စီနှင့် တော်လှန်ရေးအင်အားစုများ တိုက်ပွဲ မကြာခဏဖြစ်ပွားနေသဖြင့် ရာဘာခြံလုပ်ငန်းများ ရပ်နားထားရသည်။

**“လမ်းတစ်လျှောက်ကို စစ်ကောင်စီက အမြောက်နဲ့ မကြာခဏပစ်နေတယ်။ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ကလည်း ဒရုန်းနဲ့ပစ်နေတယ်။ အဲတော့ ခြံသွားဖို့က အခက်အခဲဖြစ်နေတယ်”** ဟု ရာဘာခြံလုပ်သားတစ်ဦးက ပြောသည်။

စစ်ရေးတင်းမာနေသည့်ဒေသများတွင် စစ်ကောင်စီက ည (၈) နာရီမှ မနက် (၅) နာရီအတွင်း ညမထွက်ရအမိန့်ကို ထုတ်ပြန်ထားသဖြင့်လည်း ရာဘာခြံလုပ်သားများ အခက်ကြုံနေကြသည်။

“စစ်ကြောင်းထိုးရင် ဘယ်သူဘယ်ဝါလဲ အထောက်အထားခိုင်ခိုင်လုံလုံ မပြနိုင်ရန် အခက်တွေ့မှာစိုးလို့ ဒေသခံတွေကို ခေါ်ပြီး အထောက်အထားလုပ်ဖို့ သတိပေးနေတယ်”

“လမ်းတစ်လျှောက်ကို စစ်ကောင်စီက အမြောက်နဲ့ မကြာခဏပစ်နေတယ်။ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ကလည်း ဒရုန်းနဲ့ပစ်နေတယ်။ အဲတော့ ခြံသွားဖို့က အခက်အခဲဖြစ်နေတယ်”

# စစ်ကောင်စီ၏လက်နက်ကြီးကြောင့် အသက် (၇) နှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံး



**အောက်တိုဘာ ၁၆၊ ၂၀၂၄**

၂၀၂၄ အောက်တိုဘာလ (၉) ရက်နေ့တွင် စစ်ကောင်စီတပ်က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ တနင်္သာရီတိုင်း တနင်္သာရီမြို့နယ် တမုတ်ချုံးကျေးရွာကို လက်နက်ကြီးပစ်ခတ်မှုနှင့် ဒရုန်းတိုက်ခိုက်မှု ရမ်းသမ်းပြုလုပ်ခဲ့ရာ အသက် (၇) နှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံးပြီး (၃) ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

လက်နက်ကြီးသည် တမုတ်ချုံးကျေးရွာအနီးရှိ ကားလမ်းမကြီးပေါ်တွင် ကျရောက်ပေါက်ကွဲခဲ့ပြီး ကျွဲကူးကျေးရွာမှ သားအမိ (၂) ဦးနှင့် ကျွဲထိန်းကွင်းကျေးရွာမှ ကလေး (၁) ဦးတို့ ထိမှန်ခဲ့သည်။

**“တိုက်ပွဲမရှိဘဲ ရမ်းသမ်းပစ်နေတာ။ ကျွဲကူးရွာက အသက် (၇) နှစ်ဝန်းကျင် ကလေးငယ်က ဒဏ်ရာပြင်းတော့ လူမှုကယ်ဆယ်ရေးအဖွဲ့က မြိတ်ဆေးရုံကို ပို့ပေးခဲ့ပေမယ့် လမ်းခုလတ်မှာပဲ ဆုံးသွားတယ်”** ဟု ဒေသခံတစ်ဦးက ပြောသည်။

ကလေးငယ်၏မိခင်ဖြစ်သူသည် ကျောကုန်းတွင် ကျည်စထိမှန်ခဲ့ပြီး ကျွဲထိန်းကွင်းရွာမှ ကလေးငယ်သည် တင်ပါးတွင် ရှပ်ထိဒဏ်ရာ ရှိခဲ့သည်။ ၎င်းတို့သည် မြိတ်ဆေးရုံတွင် ဆေးကုသမှုခံယူနေသည်။


**“တမုတ်ချုံးအနီးမှာ စစ်ကောင်စီတပ်ရင်းနဲ့ စစ်ဆေးရေးဂိတ် မရှိပေမဲ့ တိုက်ပွဲက ခပ်စိတ်စိတ် ဖြစ်နေတယ်။ အခုလက်နက်ကြီးက ဘယ်ကနေပစ်လာလဲဆိုတာ မသိသေးဘူး”** ဟု ဒေသခံသတင်းရင်းမြစ်တစ်ဦးက ပြောသည်။

ပြီးခဲ့သည့်အောက်တိုဘာလ (၁၂) ရက်နေ့ကလည်း တမုတ်ချုံကျေးရွာအနီးရှိ လယ်တောင်ယာရွာကို တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ စစ်ကောင်စီက လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့သည်။

**“ဒီဘက်ခြမ်းမှာတော့ တစ်ရွာမဟုတ်တစ်ရွာ လက်နက်ကြီးနဲ့ နေ့တိုင်းနီးပါး ပစ်ခတ်ခံနေရတယ်”** ဟု ၎င်းက ပြောသည်။

အောက်တိုဘာလ (၂) ရက်နေ့လည်း တနင်္သာရီမြို့နယ် အနောက်မော်တုန်းကျေးရွာကို စစ်ကောင်စီက ဒရုန်းဖြင့်ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အသက် (၆) နှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံးခဲ့သည်။


# ၂၀၂၄ အောက်တိုဘာလအတွင်း မွန်, ကရင်, တနင်္သာရီတိုင်းအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက်




သတ်ဖြတ်ခြင်း/အစဖျောက်ခြင်း- (၁၆) ကြိမ်၊ ဖမ်းဆီးနှိပ်စက်ခြင်း - (၁၄) ကြိမ်၊
ထိခိုက်ဒဏ်ရာရခြင်း (၁၅ကြိမ်၊ အတင်းအဓမ္မရွှေ့ပြောင်းခံရခြင်း- (၁၁) ကြိမ်၊ အိုးအိမ်ဖျက်ဆီးခြင်းခံရခြင်း - (၄)ကြိမ်၊
အတင်းအဓမ္မငွေကြေးကောက်ခံခြင်း- (၅) ကြိမ်၊ မြေမြှုပ်မိုင်းပေါက်ကွဲမှု- (၁) ကြိမ်၊ သက်မွေးဝမ်းကျောင်း - (၁၀) ကြိမ်၊
လွတ်လပ်စွာသွားလာမှု ကန့်သတ်ခြင်း (၄) ကြိမ်၊ အမျိုးသမီးနှင့်ကလေးသူငယ် - (၂၃) ခု၊ ကျန်းမာရေး၊ ပညာရေး - (၃) ကြိမ်၊
တရားဥပဒေစိုးမိုးရေး (၅) ကြိမ်

# မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြေမြှုပ်မိုင်းပေါက်ကွဲမှု၊ဒဏ်ရာအနာတရ နှင့် သေဆုံးသူအရေအတွက်


## ဇန်နဝါရီလ မှ အောက်တိုဘာလအထိ ၂၀၂၄





မွန်ပြည်နယ် - 9 ကြိမ်

ကရင်ပြည်နယ် - 1 ကြိမ်

တနင်္သာရီတိုင်းဒေသ - 5 ကြိမ်




**အမျိုးသား - 12 ဦး(11 ဦးဒဏ်ရာရ/ 1 ဦးသေဆုံး) ၊ အမျိုးသမီး - 11 ဦး( 9 ဦးဒဏ်ရာ/ ၂ ဦးသေဆုံး)၊ ကလေးသူငယ် - ၁ ဦးဒဏ်ရာရ**

# သန်းခေါင်စာရင်းပါ မေးခွန်းများကြောင့် ပြည်သူများ စိုးရိမ်ထိတ်လန့်နေ

**အောက်တိုဘာ ၆၊ ၂၀၂၄**

စစ်ကောင်စီက သန်းခေါင်စာရင်းကောက်ယူမှုကို ၂၀၂၄ အောက်တိုဘာလ (၁) ရက်နေ့မှ (၁၅) ရက်နေ့အတွင်း လုပ်ဆောင်သွားမည်ဟု ကြေညာထားပြီး လက်ရှိအချိန်တွင် စစ်တပ်၊ ရဲ၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ ကျောင်းဆရာ/ဆရာမများနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များက ကွင်းဆင်းကောက်ခံလျက် ရှိသည်။

| | | | |
|---|---|---|---|
| ၇ | ပြည်ပရွှေ့ပြောင်းသွားလာခြင်း အကြောင်းအရာ | ၄၁ | နိုင်ငံခြားသို့ ရောက်ရှိနေထိုင်သူ ရှိ/မရှိ |
| | | ၄၂ | လက်ရှိတွင် နိုင်ငံခြား၌ ရောက်ရှိနေထိုင်သူရဲ့ အမည်ကို ပြောပြပေးပါ |
| | | ၄၃ | (အမည်)က အိမ်ထောင်ဦးစီးနဲ့ မည်သို့တော်စပ်ပါသလဲ |
| | | ၄၄ | (အမည်)သည် ကျား/မ |
| | | ၄၅ | (အမည်) က အသက်ဘယ်လောက်ရှိပြီလဲ |
| | | ၄၆ | (အမည်)က မြန်မာနိုင်ငံက ထွက်ခွာသွားသည့် ခုနှစ် |
| | | ၄၇ | (အမည်)က လက်ရှိရောက်ရှိနေသည့် နိုင်ငံ |
| | | ၄၈ | (အမည်)က မြန်မာနိုင်ငံက မထွက်ခွာခင် အမြင့်ဆုံးအတန်း |
| ၈ | အိမ် အကြောင်းအရာ | ၄၉ | အိမ်ထောင်စု၏ အိမ်အမျိုးအစား |
| | | ၅၀ | အိမ်ပိုင်/ငှားရမ်း/အခမဲ့ |
| | | ၅၁ | သင့်အိမ်ထောင်စုတွင် ---------- ရှိပါသလား |
| | | ၅၂ | အိမ်ရှိ အခန်းအရေအတွက် |
| | | ၅၃ | မီးဖိုခန်းရှိသလား |
| | | ၅၄ | အိမ်နံရံ/အမိုး/ကြမ်းခင်း |
| | | ၅၅ | သောက်ရေ |
| | | ၅၆ | သုံးရေ |

မွန်ပြည်နယ်ရှိ မြို့ပေါ်ရပ်ကွက်များတွင်လည်း သန်းခေါင်စာရင်းကို တာဝန်ရှိသူများက တစ်အိမ်တက်တစ်အိမ်ဆင်း လိုက်လံကောက်ခံလျက်ရှိသည်။

သန်းခေါင်စာရင်းပါ မေးခွန်းများကြောင့် ပြည်သူများမှာ ၎င်းတို့၏လုံခြုံရေး ထိခိုက်လာမည်ကို စိုးရိမ်နေကြကြောင်း သိရသည်။

**"သန်းခေါင်စာရင်းလာစစ်တယ် ပြောတယ်။ အသေးစိတ်ကို မေးသွားတယ်။ အိမ်မှာ ဘယ်နှယောက်ရှိလဲ၊ သားသမီးတွေ ဘယ်နိုင်ငံသွားနေလဲ၊ ဝင်ငွေဘယ်လောက်လဲ၊ ပိုင်ဆိုင်မှုက ဘာတွေရှိလဲ၊ ဘယ်အသက်အရွယ်မှာ အိမ်ထောင်ကျလဲ၊ နောက်ပြီး ဘာမီးဖိုသုံးလဲ၊ ဂတ်(စ်)လား၊ ထင်းလား၊ မီးသွေးလား အကုန်မေးတယ်။ သူတို့အချိန်ရှိသလောက် မေးတယ်။ တစ်အိမ်ဝင်ရင် နာရီဝက်ကျော်ကျော် ကြာတယ်။ သူတို့က အသေးစိတ်မေးနေတော့ ကိုယ့်မိသားစုလုံခြုံရေးအတွက် စိုးရိမ်ပြီး ကြောက်စိတ်တွေ ဖြစ်လာတယ်"** ဟု မော်ကနင်ဒေသခံတစ်ဦးက ပြောသည်။

လက်ရှိတွင် စစ်ကောင်စီက စစ်သားအတင်းအဓမ္မစုဆောင်းနေသဖြင့် "စစ်မှုထမ်းအသက်အရွယ်" တွင် အကျုံးဝင်သည့် သားသမီးများအတွက် ရတက်မအေးဖြစ်နေရကြောင်း မိဘများက ပြောသည်။

**"ကိုယ့်သားသမီးက စစ်မှုထမ်းအသက်အရွယ်မှာ အကျုံးဝင်နေရင် မိဘတွေက ပိုပြီးကြောက်ရတယ်။ အချက်အလက်တွေက သူတို့လက်ထဲရောက်သွားပြီဆိုတော့ ဘာပဲပြောပြော မိဘတစ်ယောက်အနေနဲ့ စိုးရိမ်တာပေါ့"** ဟု မိခင်ဖြစ်သူတစ်ဦးက ပြောသည်။

ရေးမြို့နယ်တွင် သန်းခေါင်စာရင်းကောက်ယူနေစဉ်ကာလအတွင်း စစ်ကောင်စီတပ်က လက်နက်ကြီးပစ်ခတ်ခြောက်လှန့်မှုများ ပိုမိုလုပ်ဆောင်လာကြောင်း သိရသည်။

၎င်းပြင် ကျေးရွာချင်းဆက်လမ်းများတွင်လည်း စစ်ကောင်စီတပ်သားများက အင်အားဖြည့်တင်းကာ လမ်းသွားလမ်းလာပြည်သူများကို တင်းကြပ်စွာစစ်ဆေးမေးမြန်းလျက် ရှိကြောင်း ဒေသခံများက ပြောသည်။

# ကြာအင်းဆိပ်ကြီးတွင် လက်နက်ကြီးကြောင့် ကလေးငယ် (၁) ဦးနှင့် အမျိုးသား (၁) ဦး သေဆုံး

**အောက်တိုဘာ ၁၆၊ ၂၀၂၄**

၂၀၂၄ အောက်တိုဘာလ (၁၂) ရက်နေ့တွင် အမှတ် (၂၈၄) ခြေလျင်တပ်ရင်းက တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကြခတ်ချောင်းကျေးရွာကို လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အသက် (၁၀) နှစ်အရွယ် ကလေးငယ် (၁) ဦးနှင့် အမျိုးသား (၁) ဦးတို့ သေဆုံးခဲ့ကြောင်း သိရသည်။



စစ်ကောင်စီတပ်က လက်နက်ကြီး (၄) လုံး ပစ်ခတ်ခဲ့ပြီး လက်နက်ကြီးကျည်တစ်လုံးသည် ကြခတ်ချောင်းကျေးရွာရှိ နေအိမ်တစ်လုံးပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး အသက် (၁၀) နှစ်အရွယ် နော်အဲ့ခူ၊ အသက် (၁၃) နှစ်အရွယ် ဂေလော်အဲ့၊ အသက် (၁၇) နှစ်အရွယ် မလုထွန်းနှင့် အသက် (၆၄) နှစ်အရွယ် ဦးပန်းမြိုင်တို့ လက်နက်ကြီးထိမှန်ခဲ့သည်။

**"လက်နက်ကြီးမှန်တဲ့ လေးယောက်ကို ညတွင်းချင်းပဲ ကြာအင်းဆိပ်ကြီးတိုက်နယ်ဆေးရုံကို ပို့ပေးခဲ့တယ်။ နော်အဲ့ခူနဲ့ ဦးပန်းမြိုင်တို့ (၂) ယောက်ကတော့ ဒဏ်ရာပြင်းလို့ နောက်တစ်နေ့ (အောက်တိုဘာ (၁၃) ရက်နေ့) မနက်ပိုင်းမှာပဲ ဆုံးသွားတယ်"** ဟု ဒေသခံသတင်းရင်းမြစ်တစ်ဦးက ပြောသည်။


"လက်နက်ကြီးမှန်တဲ့ လေးယောက်ကို ညတွင်းချင်းပဲ ကြာအင်းဆိပ်ကြီးတိုက်နယ်ဆေးရုံကို ပို့ပေးခဲ့တယ်။ နော်အဲ့ခူနဲ့ ဦးပန်းမြိုင်တို့ (၂) ယောက်ကတော့ ဒဏ်ရာပြင်းလို့ နောက်တစ်နေ့ (အောက်တိုဘာ (၁၃) ရက်နေ့) မနက်ပိုင်းမှာပဲ ဆုံးသွားတယ်"

မလုထွန်းသည် ကြာအင်းဆိပ်ကြီးဆေးရုံတွင် ဆေးကုသမှုခံယူနေဆဲဖြစ်သော်လည်း ဂေလော်အဲ့မှာမူ ဒဏ်ရာပြင်းထန်သဖြင့် မော်လမြိုင်ဆေးရုံကြီးသို့ ပြောင်းရွှေ့ကုသနေရသည်။

၂၀၂၄ အောက်တိုဘာလ (၂) ရက်နေ့မှစ၍ ကြာအင်းဆိပ်ကြီး အခြေစိုက် အမှတ် (၂၈၃) နှင့် အမှတ် (၂၈၄) ခြေလျင်တပ်ရင်းတို့သည် အနီးအနားဝန်းကျင်ကို လက်နက်ကြီးဖြင့် နေ့စဉ်ရက်ဆက် ရမ်းသမ်းပစ်ခတ်နေကြောင်း ဒေသခံများက ပြောသည်။


မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်။


# မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ (၁၀) လ အတွင်း ဖမ်းဆီးမှု၊ ချုပ်နှောင်မှု ၊ ဒဏ်ရာအနာတရ ရရှိမှု နှင့် သတ်ဖြတ်မှု အရေအတွက်





| | Arrested - | Deatined | Injured | Killed | Total |
|---|---|---|---|---|---|
| Series2 | 736 | 512 | 789 | 316 | 2353 |




# ၂၀၂၄ ဇန်နဝါရီလ မှ အောက်တိုဘာလအတွင်း လက်နက်ကြီး ပစ်ခတ်မှုကြောင့် အသက်ဆုံးရှုံးမှု နှင့် ဒဏ်ရာအနာတရရရှိသူ စာရင်း




ဒဏ်ရအနာတရ ရရှိသူ စုစုပေါင်း (၁၅၁) ဦး၊ အမျိုးသမီး(၆၀)ဦး၊အမျိုးသား(၅၆)ဦး၊ ကလေးသူငယ်(၃၅)ဦး




သေဆုံးသူ စုစုပေါင်း (၆၈) ဦး၊ အမျိုးသမီး(၃၂)ဦး၊အမျိုးသား(၂၈)ဦး၊ ကလေးသူငယ်(၈)ဦး



# လောင်းလုံးမြို့နယ်ကို စစ်ကြောင်းထိုးနေသည့် စစ်ကောင်စီ တပ်က ရွာသား (၅) ဦးကို သတ်ဖြတ်

**အောက်တိုဘာလ ၂၃၊ ၂၀၂၄**

၂၀၂၄ အောက်တိုဘာလ (၁၀) ရက်နေ့မှစ၍ စစ်ကောင်စီ စစ်ကြောင်းက တနင်္သာရီတိုင်း လောင်းလုံးမြို့နယ်ကို စစ်ကြောင်း ထိုးနေပြီး အောက်တိုဘာလ (၁၆) ရက်နေ့အထိ ဒေသခံပြည်သူ (၃) ဦးကို သတ်ဖြတ်ခဲ့ပြီး ဖြစ်သည်။ အောက်တိုဘာလ (၂၁) ရက်နေ့တွင်လည်း ဒေသခံရွာသား (၂) ဦးကို ထပ်မံသတ်ဖြတ်ခဲ့ ပြန်သည်။

စစ်ကြောင်းဝင်ရောက်ချိန်တွင် အသက် (၂၅) အရွယ် ရေဖြူရွာသား ကိုမင်းကိုကို၊ အသက် (၃၀) အရွယ် ကိုအောင်နိုင်၊ အသက် (၂၅) အရွယ် ကဒက်ငယ်ရွာသား ကိုလားချေး၊ ပိန္နဲတောရွာသား (၁) ဦးနှင့် ညင်းမော်ရွာသား (၄) ဦး စုစုပေါင်း (၈) ဦးကို ဖမ်းဆီးခဲ့သည်။

၎င်းတို့အနက် ကိုမင်းကိုကိုနှင့် ရွာသားတစ်ဦးကို ညင်းမော်ရွာတွင် သတ်ဖြတ်ခဲ့သည်။

**"ကိုမင်းကိုကိုက (၁၆) ရက်နေ့မှာ အဖမ်းခံလိုက်ရတာ။ ဆရာဝန်က သေဆုံးချိန်က (၂၄) နာရီကျော်နေပြီလို့ ပြောတဲ့အတွက် (၁၉) ရက်နေ့မှာ အသတ်ခံရတာ ဖြစ်နိုင်တယ်။ ကိုမင်းကိုကိုရဲ့ မျက်လုံးကို ပိတ်စအမဲနဲ့ ပတ်ထားပြီး မျက်နှာမှာလည်း ထိုးကြိတ်ထားတဲ့ဒဏ်ရာတွေ တွေ့တယ်။ လည်ပင်းကိုလည်း လှီးဖြတ်ထားတယ်။ နောက်တစ်လောင်းက ဘယ်သူလည်း မသိဘူး။ မျက်နှာမှာ အရေပြားတွေ မရှိတော့ဘူး၊ ပုံပျက်နေပြီ"** ဟု ဒေသခံတစ်ဦးက ပြောသည်။

ကျန်ရှိရွာသား (၅) ဦးကို လောင်းလုံးမြို့မရဲစခန်းတွင် ဖမ်းဆီးထားပြီး မိသားစုဝင်များနှင့် ဆက်သွယ်ခွင့် မပေးချေ။

**"(၂၀) ရက်နေ့က ညင်းမော်က (၁) ယောက် ပြန်လွတ်လာပေမဲ့ ကျန်တဲ့သူတွေက လောင်းလုံးရဲစခန်းမှာ အဖမ်းခံထားရတုန်းပဲ။ မိသားစုဝင်တွေနဲ့လည်း ပေးမတွေ့ဘူး"** ဟု ၎င်းက ဆက် ပြောသည်။



၎င်းပြင် အခြားကျေးရွာများတွင်လည်း ပျောက်ဆုံးနေသူများရှိကြောင်း ဒေသခံများက ပြောသည်။

"ကျွဲတိုက်မော်ဘက်မှာလည်း ပျောက်နေတဲ့သူတွေ ရှိတယ်လို့ ကြားတယ်။ စစ်တပ်က ဖမ်းသွားပြီးရင် ခြံတွေ တောစပ်တွေမှာ သတ်ဖြတ်ပစ်ထားတော့ စစ်ကြောင်းဝင်ခဲ့တဲ့ ခြံတွေ ရွာတွေကို လိုက်ကြည့်ရမလို ဖြစ်နေတယ်။ ပျောက်နေတဲ့သူတွေက သေပြီလား အဖမ်းခံထားရတာလား မသိနိုင်ဘူး" ဟု ဒေသခံတစ်ဦးက ပြောသည်။

မွန်လူထုအသံ

# မွန်ပြည်နယ်အတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက် အောက်တိုဘာလ ၂၀၂၄

## Kyike Hto Township

1. Killed by bomb dropped
2. Artillery explosion and injured
3. Artillery attack and injured (2) times

## Chaung Zone Township


1. Electricity junta fully controlled

## Thanbyuzayat Township

1. Injured

## Kyikemayaw Township

1. Artillery attacks and flee homes
2. Drone attack and injured




## Paung Township

1. Arrested residents

## Thaton Township

1. Arrested and shoot
2. Arrested

## Mudon Township

1. Inflict high costs

## Ye Township(10) cases

1. Shoot and killed
2. Shoots and killed
3. Sentenced
4. Frightened residents
5. Economic issue
6. Arrested local civilians
7. Security Concerns
8. Arrested local civilians
9. Forced relocation
10. Extorts money

**Total Cases in Mon State - 22 Cases**

# ကရင်ပြည်နယ်အတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက် အောက်တိုဘာလ ၂၀၂၄




## Kaw Ka Rate Township

1. Air Assault and injured
2. Artillery attack and flee home
3. Extorted money


## Kyarinnseikyi Township

1. Artillery and air attacks
2. Frighten students
3. Artillery attack and killed
4. Livelihood issues
5. Air assault and killed

**Total Cases - 8 Cases**

# တနင်္သာရီတိုင်းဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက်

# အောက်တိုဘာလ ၂၀၂၄




## Dawei Township

1. Arrested and killed
2. Dies in prison

## Long Lone Township

1. Arrested and Killed
2. Arrested
3. Killed local's civilians
4. Arrested local civilians
5. Arrested and killed

## Kaw Thong Town

1. Expels local woman

## Yebyu Township

1. Cuff-off Telecommunication
2. Arrested
3. Extorted money
4. Shoots and injured

## Tenasserim Township

1. Artillery and drop bomb
2. Fled home and IDP
3. Drone attack and killed
4. Drone attack and injured
5. Artillery attack and killed
6. Air assault and injured
7. Ban transportation

## Pu law Township


1. Raid and loots valuable
2. Fled home and IDP
3. Landmine and injured


**Total Cases in Tanintharyi Divisons - 22 Cases**

# မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ် ၊ ကရင်ပြည်နယ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု ဒေတာမှတ်တမ်း

## စစ်ဘေးဒုက္ခသည် ၊ သတ်ဖြတ်မှု နှင့် ဒဏ်ရာအနာတရ ရရှိသူ အရေအတွက်


## အောက်တိုဘာလ ၂၀၂၄





**စစ်ဘေးဒုက္ခသည်= (၇၈၀၀) ဦး**


**ဒဏ်ရာအနာတရ = (၂၅) ဦး ၊ သတ်ဖြတ်မှု = (၁၀) ဦး**





**စစ်ဘေးဒုက္ခသည်= (၁၆၇၀၀) ဦး**

**ဒဏ်ရာအနာတရ = (၃၂) ဦး ၊ သတ်ဖြတ်မှု = (၁၄) ဦး**




**စစ်ဘေးဒုက္ခသည်= (၂၂၀၀၀) ဦး**

**ဒဏ်ရာအနာတရ = (၅၀) ဦး ၊ သတ်ဖြတ်မှု = (၁၄) ဦး**

# ထားဝယ်အကျဉ်းထောင်တွင် နိုင်ကျဉ်း (၁) ဦး သေဆုံး



**အောက်တိုဘာ ၂၃၊ ၂၀၂၄**

၂၀၂၄ အောက်တိုဘာလ (၁၇) ရက်နေ့တွင် တနင်္သာရီတိုင်း ထားဝယ်အကျဉ်းထောင်တွင် အကျဉ်းကျနေသည့် သက်ကြီးပိုင်းနိုင်ငံရေးအကျဉ်းသားတစ်ဦး သေဆုံးခဲ့ကြောင်း ထားဝယ်ခရိုင် နိုင်ငံရေးအကျဉ်းသားများကွန်ရက် (DNPP) က အောက်တိုဘာလ (၂၀) ရက်နေ့တွင် ထုတ်ပြန်ကြေညာသည်။

ရေဖြူမြို့နယ် အုန်းပင်ကွင်းကျေးရွာ အမှတ် (၅) ရပ်ကွက်မှ အသက် (၆၂) အရွယ် ဦးရဲအောင် (ခ) ဦးချင်းသည် ထားဝယ်အကျဉ်းထောင်တွင် ထောင်ဒဏ် (၁၀) နှစ် ကျခံနေရပြီး စက်တင်ဘာလ (၂၇) ရက်နေ့တွင် လေဖြတ်ရောဂါ ခံစားခဲ့ရသည်။

၎င်းသည် ထားဝယ်ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေစဉ် အောက်တိုဘာလ (၁၇) ရက်နေ့တွင် သေဆုံးခဲ့ကြောင်း သိရသည်။

**“ထောင်ထဲမှာ အရမ်းအေးလို့ လေဖြတ်သွားတာ ဖြစ်မယ်။ သူ့မိန်းမကလည်း သူအဖမ်းခံလိုက်ရပြီးကတည်းက ရွာမှာ မနေတော့ဘူး။ မိသားစုဝင်နဲ့ အဆက်အသွယ်မရတော့ အကျဉ်းထောင်အစီအစဉ်နဲ့ပဲ အောက်တိုဘာလ (၁၈) ရက်နေ့မှာ သင်္ဂြိုဟ်လိုက်ရတယ်”** ဟု ဒေသခံသတင်းရင်းမြစ်တစ်ဦးက ပြောသည်။

လက်ရှိတွင် ထားဝယ်အကျဉ်းထောင်၌ နိုင်ငံရေးအကျဉ်းသားပေါင်း (၄၆၀) ကျော် ရှိပြီး လုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှု မရရှိကြောင်း သိရသည်။

**“အခုလည်း ထားဝယ်ထောင်မှာ နောက်ထပ်နိုင်ကျဉ်းတစ်ယောက် လေဖြတ်သွားပြန်ပြီ”** ဟု နိုင်ငံရေးအကျဉ်းသားများနှင့်နီးစပ်သည့်အသိုင်းအဝိုင်းက ပြောသည်။

နိုင်ငံရေးအကျဉ်းသားများသည် ထောင်ပြင်ပတွင် ဆေးကုမှုခံယူခွင့်ရှိသော်လည်း ထိုသို့လုပ်ဆောင်နိုင်ရန် ထောင်အာဏာပိုင်များနှင့် စစ်ကောင်စီကို ငွေကြေးပေးဆောင်နေရသည်။ ၎င်းပြင် နိုင်ကျဉ်းမိသားစုဝင်များကို အာဏာပိုင်များက အတင်းအဓမ္မခြိမ်းခြောက်ငွေကြေးတောင်းခံမှုများလည်း ပြုလုပ်နေသည်။

“ဖုန်းဆက်ပြီး ငွေပို့ခိုင်းတယ်။ ကိုယ့်သားသမီးကို စိတ်ပူတော့ တောင်းသလောက် ပေးလိုက်တယ်။ ပို့လိုက်တဲ့ ပစ္စည်းကလည်း အကျဉ်းသားတွေဆီကို အကုန်မရောက်ပါဘူး” ဟု နိုင်ကျဉ်းမိသားစုဝင်တစ်ဦးက ပြောသည်။

၂၀၂၁ ဖေဖော်ဝါရီလ (၁) ရက်နေ့ မအောင်မြင်သည့်အာဏာသိမ်းမှုနောက်ပိုင်း မြန်မာနိုင်ငံတဝန်းလုံးရှိ နိုင်ငံရေးအကျဉ်းသား/သူ (၁၀၀) ကျော်သည် နှိပ်စက်ခံရခြင်း၊ လိင်အကြမ်းဖက်ခံရခြင်းနှင့် ဆေးကုသမှုမလုံလောက်ခြင်းတို့ကြောင့် သေဆုံးခဲ့ရသည်။

> “
> **ထောင်ထဲမှာ အရမ်းအေးလို့ လေဖြတ်သွားတာ ဖြစ်မယ်။ သူ့မိန်းမကလည်း သူအဖမ်းခံလိုက်ရပြီးကတည်းက ရွာမှာ မနေတော့ဘူး။ မိသားစုဝင်နဲ့ အဆက်အသွယ်မရတော့ အကျဉ်းထောင်အစီအစဉ်နဲ့ပဲ အောက်တိုဘာလ ၁၈ ရက်နေ့မှာ သဂြိုဟ်လိုက်ရတယ်**

> **ဖုန်းဆက်ပြီး ငွေပို့ခိုင်းတယ်။ ကိုယ့်သားသမီးကို စိတ်ပူတော့ တောင်းသလောက် ပေးလိုက်တယ်။ ပို့လိုက်တဲ့ ပစ္စည်းကလည်း အကျဉ်းသားတွေဆီကို အကုန်မရောက်ပါဘူး**
> “

# မွန်ပြည်လူ့အခွင့်ရေးဖောင်ဒေးရှင်း

မွန်ပြည့်လူ့အခွင့်အရေး ဖောင်ဒေးရှင်းကို ၁၉၈၈ လူပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ဒီမိုကရေစီစနစ်ကို အားပေးထောက်ခံသော ကျောင်းသားများ၊ တက်ကြွသော လှုပ်ရှားသူများ၊ မွန်လူထုခေါင်းဆောင်များနှင့် လူငယ်များ စုပေါင်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားရေး၊ လူ့အခွင့်အရေး ရရှိရေးနှင့် စစ်မှန်သော ငြိမ်းချမ်းရေးပေါ်ပေါက်ရေးတို့ကို အဓိကရည်ရွယ်ချက်ဖြင့် ထားရှိကာ ထူထောင်ခဲ့ခြင်း ဖြစ်သည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ခု ဖြစ်ပြီး အဖွဲ့ဝင်များအားလုံးသည် တူညီသော ရည်မှန်းချက်ပန်းတိုင်ကို တူညီသော အတွေးအမြင်များဖြင့် ချီတက်နေကြသော စေတနာ့ ဝန်ထမ်းများဖြစ်သည်။ မွန်ဒေသနှင့် မြန်မာနိုင်ငံ တောင်ပိုင်း ဒေသများမှ လူ့အခွင့်အရေး အခြေအနေများကို စောင့်ကြည့်လေ့လာခြင်းဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားလာစေရန် ဒေသဆိုင်ရာ တိုင်းရင်းသားလူ့အခွင့်အရေး အဖွဲ့တစ်ဖွဲ့ အနေဖြင့် ကျရာတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးများ ထုတ်ဝေခြင်းဖြင့် တွန်းအားပေးလျက်ရှိသည်။ မွန်လုထုအသံ ဟူသော စာစောင်ကို ပုံမှန်ထုတ်ဝေလျက်ရှိပြီး လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာများကိုလည်း အခါအားလျော်စွာ ထုတ်ဝေလျက်ရှိသည်။

ပန်းတိုင် နိုင်ငံသားအားလုံး လူ့အခွင့်အရေးကို အပြည့်အဝ ရရှိခံစားနိုင်စေရန်။

ရည်ရွယ်ချက်

(၁) လူ့အခွင့်အရေးနှင့်ပတ်သက်သော သတင်းများ ပြည်သူလူထုအကြား ပိုမိုပျံ့နှံ့ သိရှိနိုင်စေရန်။

(၂) လူ့အခွင့်အရေးနှင့် ပတ်သက်၍ ပြည်သူလူထုကို ပညာပေးလှုံ့ ဆော်ရန်။

(၃) လူ့အခွင့်အရေးနှင့် ပတ်သက်သော လှုပ်ရှားမှုများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရန်။

စာဖတ်သူများထံမှ ဝေဖန်အကြံပြုစာ တောင်းခံခြင်း ချစ်ခင်လေးစားရပါသော စာဖတ်သူများခင်ဗျား

မြန်မာနိုင်ငံ လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ လူ့အခွင့်အရေးစာစောင်ကို ထုတ်ဝေလျက်ရှိသည်။ သတင်းအချက်အလက်နှင့်ပတ်သက်၍ အချိန်နှောက်ကျခြင်းများ ဖြစ်ပေါ်ခဲ့ပါက ဤအချက်အလက်များ တိကျသေချာစေရန် အကြိမ်ကြိမ် အထပ်ထပ်စစ်ဆေးနေရခြင်းကြောင့် ဖြစ်ပါသဖြင့် စာဖတ်သူများမှ နားလည်ပေး စေလိုပါကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ အနူးအညွတ် တောင်းပန်အပ်ပါသည်။ ကျွန်ုပ်တို့ထံသို့ ဝေဖန်အကြံပြုစာ ပေးပို့လို၍ဖြစ်စေ ကျွန်ုပ်တို့၏ စာစောင်ကို ပေးပို့ စေလို၍ဖြစ်စေ အောက်ပါလိပ်စာအတိုင်း ပေးပို့နိုင်ပါသည်။ စာစောင်ပေးပို့ စေလိုပါက ပေးပို့ စေလိုသော လူပုဂ္ဂိုလ်၏ နာမည်နှင့် လိပ်စာအပြည့်အစုံကို ပေးပို့စေလိုပါသည်။

ရိုသေလေးစားစွာဖြင့်
ဒါရိုက်တာ
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

Rehmonnya.org
www.rehmonnya.org

Human Rights Foundation of Monland (Burma)
P. O. Box 2237
General Post Office
Bangkok 10501, THAILAND